| | | |
|---|---|---|
| enimyanmar | Myanmar<br>ESHIA STUDY FOR THE EXPLORATION<br>BLOCK PSC-K | ERM IEM EQM |

# မြန်မာ
# တူးဖော်ရှာဖွေရေးဆိုင်ရာ ESHIA လေ့လာမှု
# PSC-K လုပ်ကွက်

**သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေးသက်ရောက်မှုစစ်ဆေးတိုင်းတာခြင်း အစီရင်ခံစာ**



အောက်တိုဘာလ ၃ ရက်၊ ၂၀၁၆ ခုနှစ်။

# မာတိကာ

၁.၀ အစီရင်ခံစာအကျဉ်းချုပ် ........ 2
၁.၁ မိတ်ဆက် ........ 2
၁.၂ စီမံကိန်း ........ 2
၁.၂.၁ စီမံကိန်း၏ ကောင်းကျိုးများ ........ 7
၁.၂.၂ အကောင်အထည်ဖော်ရေးအစီအစဉ် ........ 7
၁.၃ ဥပဒေမူဘောင် နှင့် တည်ဆဲဥပဒေများ ........ 7
၁.၄ စီမံကိန်းဒေသတစ်ဝိုက်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေပြုအချက်အလက်များ ........ 8
၁.၄.၁ သဘာဝတရားနှင့်ဆိုင်သော အချက်အလက်များ ........ 10
၁.၄.၂ ဇီဝဗေဒဆိုင်ရာအခြေခံအချက်အလက်များ ........ 13
၁.၄.၃ လူမှုရေးဆိုင်ရာအခြေခံအချက်များ ........ 14
၁.၄.၄ ယဉ်ကျေးမှုအခြေခံအချက်အလက်များ ........ 15
၁.၄.၅ အသွင်အပြင်ဆိုင်ရာအခြေခံအချက်အလက်များ ........ 15
၁.၄.၆ ကျန်းမာရေးအခြေခံအချက်အလက် ........ 16
၁.၅ သက်ရောက်မှုစစ်ဆေးတိုင်းတာခြင်းနှင့် လျှော့ချရေးနည်းလမ်းများ ........ 17
၁.၅.၁ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ ........ 17
၁.၅.၂ လူမှုရေးသက်ရောက်မှုများ ........ 24
၁.၅.၃ ယဉ်ကျေးမှုအမွေအနှစ်အပေါ်သက်ရောက်မှု ........ 28
၁.၅.၄ အမြင်ပိုင်းဆိုင်ရာသက်ရောက်မှုများ ........ 28
၁.၅.၅ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ ........ 29
၁.၆ တိုးပွားလာနိုင်သော သက်ရောက်မှုများ ........ 31
၁.၇ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာရေးစီမံထားမှု ........ 32
၁.၈ ဒေသခံများအားဆွေးနွေးခြင်းနှင့် အသိပေးခြင်း ........ 33

## ဇယားများ

ဇယား ၁.၁ PSC- K လုပ်ကွက်၏ ကိုသြဒိနိတ်များ ........ 4

## ပုံများ

ပုံ ၁.၁ PSC-K လုပ်ကွက်တည်နေရာပြမြေပုံ ........ 5
ပုံ ၁.၂ သဘာဝပတ်ဝန်းကျင်လူမှုရေးနှင့်ကျန်းမာရေး အခြေပြုအချက်များအတွက် လွှမ်းမိုးမှုဧရိယာ ........ 11

## ၁.၀ အစီရင်ခံစာအကျဉ်းချုပ်

### ၁.၁ မိတ်ဆက်

ယခု အစီရင်ခံစာအကျဉ်းချုပ်တွင် မြန်မာနိုင်ငံရှိ လုပ်ကွက် PSC-K အတွင်း eni မှ စီစဉ်ဆောင်ရွက်သော ကုန်းတွင်း ဟိုက်ဒရိုကာဗွန်တူးဖော်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေးသက်ရောက်မှုစစ်ဆေးတိုင်းတာခြင်း အစီရင်ခံစာ (ESHIA)တွင် ဖော်ပြထားသော အဓိကများနှုရှိချက်များကို အစီရင်ခံထားပါသည်။ ယင်း ESHIA အစီရင်ခံစာကို သံယဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် EIA လုပ်ထုံးလုပ်နည်းအသစ်များနှင့်အညီ ရေးဆွဲအစီရင်ခံထားခြင်း ဖြစ်ပါသည်။

ဤစီမံကိန်းသည် လုပ်ကွက်အတွင်း 2D Seismic Survey ပြုလုပ်ရန် နေရာများ သတ်မှတ်ဖော်ထုတ်နိုင်ရေးအတွက် လုပ်ကွက်တစ်ခုလုံးနေရာအနှံ့တွင် Gravimetric and magnetic survey ဆိုင်ရာ အချက်အလက်များရယူခြင်းကို ဖော်ပြထားပါသည်။

Survery လုပ်ငန်းဆောင်ရွက်မှုများအားလုံးပြုလုပ်ပြီးချိန်တွင် သတ်မှတ်ထားသည့် ၊ Study Area အတွင်းရှိ တူးဖော်ထုတ်လုပ်နိုင်သည့်အလားအလာရှိသော ဟိုက်ဒရိုကာဗွန်သိုက်များကို ဖော်ထုတ်သတ်မှတ်နိုင်မည် ဖြစ်ပါသည်။

ဤအစီရင်ခံစာကို ပြုစုသူမှာ ဥရောပရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးကုမ္ပဏီတစ်ခုဖြစ်သော Environmental Resource Management ကုမ္ပဏီဖြစ်ပြီး တည်းဖြတ်ခြင်းကိုမူ IEM ( International Environmental Resource)က ပြုလုပ်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာကိုပြုစုတည်းဖြတ်ခြင်းများပြုလုပ်ရာတွင် လက်ရှိမြေပြင်စစ်တမ်းကောက်ယူထားသော အချက်အလက်များကို အခြေခံ၍ ပြုစုထားခြင်းဖြစ်ပြီး ဤစီမံကိန်း၏ နောက်ပိုင်းအဆင့်များတွင် ဆောင်ရွက်ရန်ရှိသည့် အများပြည်သူနှင့်ဆက်စပ်အဖွဲ့အစည်းများအား ထိတွေ့မေးမြန်းထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစစ်တမ်းများမှ ကောက်ယူရရှိသည့် အချက်အလက်များကို ပူးတွဲတင်ပြသွားမည်ဖြစ်ပါသည်။

### ၁.၂ စီမံကိန်း

စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ရက်စွဲပါ ကြေညာချက်တွင် ဟိုက်ဒရိုကာဗွန်တူးဖော်ခွင့် နှင့် ဆက်စပ်ဟိုက်ဒရိုကာဗွန်အသုံးချမှုဆိုင်ရာ လိုင်စင်များ လျှောက်ထားနိုင်ကြသည်ဟူသော ဖိတ်ခေါ်ချက်အရ ယခုစီမံကိန်းကို ဆောင်ရွက်ရန် လျှောက်ထားခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် eni Myanmar BV အား လုပ်ကိုင်ခွင့်လိုင်စင်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ eni သည် ကုန်းတွင်းလုပ်ကွက် PSC-K အတွက် ထုတ်လုပ်မှုအပေါ် အကျိုးတူခွဲဝေရေးစာချုပ် (PSC) ကို လက်မှတ်ရေးထိုးချုပ်ဆို ခဲ့ပြီး ဖြစ်ပါသည်။

လုပ်ကွက် PSC-K အား ပုံ 1.1 တွင် ပြထားသည့်အတိုင်း မန္တလေးတိုင်းမှ အရှေ့ဖက်ခြမ်းနေရာငယ်များတွင် ရှမ်းပြည်နယ်တောင်ပိုင်းအထိထိစပ်နေသောနေရာများ နှင့် တောင်ဘက်တွင် နေပြည်တော်တိုင်းဒေသကြီးအတွင်းရှိ ၆၅၆၀ စတုရန်းကီလိုမီတာအကျယ်အဝန်းရှိရာ ဒေသတွင် ဆောင်ရွက်အကောင်အထည်ဖော်မည်ဖြစ်သည်။ ယင်းလုပ်ကွက်၏ မျက်နှာပြင်ကိုသြဒိနိတ်များအပြည့်အစုံကို အောက်တွင်ဖော်ပြပေးထားပါသည်။ (ဇယား 1.1)

ဇယား ၁.၁ PSC-K လုပ်ကွက် ၏ ကိုသြဒိနိတ်များ

| Point | Longitude (E) | Latitude (N) |
|---|---|---|
| 1 | 96°00'00" | 21°48'00" |
| 2 | 96°19'29" | 21°48'00" |
| 3 | 96°20'00" | 20°10'00" |
| 4 | 95°56'32" | 20°10'00" |

*ကိုးကား - စွမ်းအင်ဝန်ကြီးဌာန (၂၀၁၃)*

ပုံ ၁.၁ PSC-K လုပ်ကွက်တည်နေရာပြမြေပုံ



Gravimetirc (သိပ်သည်းဆ) နှင့် Magnetometirc (သံလိုက်စက်ကွင်းပြင်းအား) Survey တိုင်းတာမှု များကို လေယာဉ်တစ်စင်းတည်းပေါ်မှ Airborne Instrument များအသုံးပြု၍ ဆက်တိုက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Survey များကိုပြုလုပ်ရာတွင် ဒေသတစ်ခုတည်းတွင်ပင် တူညီသည့် အသေးစိတ်သတ်မှတ်ချက်များကို အသုံးပြုပြီး Line အကွာအဝေး ၅၀ မီတာ မှ ၂၀၀၀ မီတာအတွင်းတွင်သာ ဆောင်ရွက် သွားပါမည်။ လေယာဉ်ပျံသန်းမှု၏ ဦးတည်ရာ လမ်းကြောင်းမှာ ဒေသ၏ ဘူမိဗေဒမြေပြင်အခြေအနေပေါ်တွင် မူတည်ပြီး ပျံသန်း သွားပါမည်။ လေယာဉ်ပျံသန်းမှုအမြင့်မှာ ပုံမှန်အားဖြင့် အမြင့်ပေ ၈၀ မီတာမှ ၁၀၀ မီတာအတွင်း Draped နည်းကို အသုံး ပြုပျံသန်းသွားပါမည်။

Gravimetric Survey တိုင်းတာခြင်းဆိုသည်မှာ မြေအောက်ကျောက်သားထုများ၏ သိပ်သည်းဆအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော ပုံမှန်မဟုတ်သည့် မြေသားသိပ်သည်းဆများ ( Gravimetirc Anomalies) ကို ဆန်းစစ်တိုင်းတာခြင်း ပင်ဖြစ်ပါသည်။ အထူးသဖြင့် မြေအောက်မြေလွှာအစိတ်အပိုင်းများကို လေ့လာကြည့်ရာတွင် ယင်းမြေအောက်လွှာများ၏ ပတ်ဝန်းကျင်ပတ်လည်ရှိ ဘေးတိုက်မြေသားသိပ်သည်းဆနှိုင်းယှဉ်ချက် ( Lateral Density Contrast) ကိုလေ့လာကြည့် နိုင်သည်။

Magnetometric Survey ၏ ရည်ရွယ်ချက်မှာ မြေအောက်နက်ရှိုင်းသည့်နေရာတွင် တည်ရှိနေသော ကျောက်သားထုကြီး များအတွင်းရှိ ဓာတုဗေဒနှင့် သံလိုက်ဓာတ်ဂုဏ်သတ္တိအမျိုးမျိုးကိုလေ့လာခြင်းမှရရှိသည့် ယင်းကျောက်သားထုကြီးများ၏ ပုံမှန်မဟုတ်သည့်သံလိုက်စက်ကွင်းပြင်းအားများ (Magnetic Anomalies) ကိုလေ့လာနိုင်ရန်ဖြစ်သည်။ အမြင့်မားဆုံး Resoloution နှင့်/သို့မဟုတ် ကမ္ဘာ့သံလိုက်စက်ကွင်းဆိုင်ရာတိုင်းတာမှုအတွက် လည်ပတ်နှုန်းများကိုလိုအပ်လာသည့် အခါတိုင်း ဝေဟင်သံလိုက်စက်ကွင်းတိုင်းတာမှု(Aeromagnetic Survey)များ ပြုလုပ်ရာတွင် စီဆီယမ် အငွေ့သံလိုက်စက်ကွင်းပြင်းအားတိုင်းတာစက် ( Cesium vapor magnetometers) များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု ဆုံးဖြစ်ပါသည်။

တိုင်းတာရာတွင်အသုံးပြုသည့် ကိရိယာသုံးမျိုးဖြစ်သည့် ဆွဲအားတိုင်းတာစက် (Gravimeter) သံလိုက်စက်ကွင်းပြင်းအား တိုင်းတာစက် (Magnetometer) နှင့် LiDAR အာရုံခံစက် ( LiDAR Sensor) တို့ကို တစ်ပြိုင်တည်း အသုံးပြုတိုင်းတာရသည့် Cessna Caravan အမျိုးအစားတိုင်းတာမှုပုံစံမှာ လက်ရှိအသုံးအများဆုံးပုံစံပင်ဖြစ်ပါသည်။ Grav-Mag ဆန်းစစ်တိုင်းတာမှု ၏ အတည်ပြုဒီဇိုင်းကို Gravimetric အပိုင်းမှ အဓိက အားယူဖော်ထုတ်ထားပြီး Survey ဒီဇိုင်းပေါ်တွင်မီခိုမှုနည်းသော Magnetic Survey တစ်ခုပင်ဖြစ်ပါသည်။ ပုံတွင် Grav-Mag Survey ပြုလုပ်နေမှုတစ်ခုတွင် Cessna လေယာဉ်အား အသုံးပြုတိုင်းတာလေ့လာနေသောပုံကိုပြထားပါသည်။ အကယ်၍ အကန့်အသတ်များ သို့မဟုတ် အခြားလိုအပ်ချက်များ ဖြစ်ပေါ်လာပါက လေယာဉ်အစား ရဟတ်ယာဉ်ကို အစားထိုးအသုံးပြုနိုင်ပါသည်။ မည်သည့်ယာဉ်ကိုအသုံးပြုမည်ဆိုသည့် ဆုံးဖြတ်ချက်အား Grav-Mag Survey ကန်ထရိုက်တာကို ရွေးချယ်ပြီးသည်နှင့် တစ်ပြိုင်နက် ဆုံးဖြတ်သတ်မှတ်သွားပါ မည်။

Grav-Mag Surveyအား အကောင်အထည်ဖော်ရာတွင် လူအင်အား၊ ကိရိယာတန်ဆာပလာများနှင့်အပိုပစ္စည်းများ ၊ အရန်ပစ္စည်းများကို တကူးတက သယ်ယူပို့ဆောင်ပေးရခြင်းမျိုး လိုအပ်မှုမရှိပါ။ လေယာဉ် ဆိုက်ရောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာများ၊ လောင်စာဆီဖြည့်တင်းခြင်း၊ လူနေထိုင်တည်းခိုရာများစီစဉ်ပေးခြင်းဆိုင်ရာကိစ္စများတွင် အဖွဲ့အစည်းဘက်မှ ဆောင်ရွက်ပေးနိုင်မှုများအား အကန့်အသတ်ထားရှိပေးမည်ဖြစ်သည်။

2D Seismic Survey ၏ စီမံကိန်းပုံစံကြမ်းအား ဒီဇိုင်းရေးဆွဲမှုကို Gravimetirc နှင့် Magnetometric ဆိုင်ရာ ဒေတာများ ရယူပြီးသည်နှင့် တစ်ပြိုင်နက် စတင်ဆောင်ရွက်သွားမည်။ 2D Seismic Survey ကိုဆောင်ရွက်ရာရခြင်း၏ ရည်ရွယ်ချက်မှာ မြေအောက်မြေသားအလွှာအတွင်း ကိန်းအောင်းနေနိုင်သော ဟိုက်ဒရိုကာဗွန်သိုက်များကို ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ဘူမိဗေဒဖွဲ့စည်းပုံအနေအထားများဆိုင်ရာ အသေးစိတ်အချက်အလက်များအား ဖော်ထုတ်ရယူနိုင်ရန်ဖြစ်ပါသည်။

ဆာဗေးစီမံကိန်းပုံစံကို ရေးဆွဲဖော်ပြသွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းခွင်သို့ လုပ်ငန်းခွင်သုံးစက်ကိရိယာတန်ဆာပလာ ပစ္စည်းများရောက်ရှိချိန်မတိုင်ခင်တွင် ဆိုက်စမစ်ဆောင်ရွက်ရာ line များ တစ်လျှောက်ရှိ အရေးကြီးပြီး ထိခိုက်မှုမခံနိုင်သည့်နေရာမှန်သမျှအား ရှောင်ရှားစေနိုင်ရန်အတွက် ဆိုက်စမစ် source နှင့် receiver line များကို တိုင်းတာဆန်းစစ်မှုများကြိုတင်ပြုလုပ်ထားပါမည်။

စိုက်ပျိုးမြေများနှင့် အများပြည်သူသုံးလမ်းများအားအသုံးပြုမှုကဲ့သို့သော ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေ များအတွက် လေးဘီးတပ်ယန္တရားများဖြင့်အသုံးပြုရသော ဖောက်ခွဲရေးပစ္စည်းများအပြင် အသေးစားလက်ကိုင်စနစ်ဖြင့် အသုံးပြုရသော ဖောက်ခွဲရေးပစ္စည်းများကိုအသုံးပြုရန် အကြံပြုပါသည်။ ပမာဏအလေးချိန် (ကီလိုဂရမ်) နှင့် အနက်ပေ (မီတာ) တို့ကို မြေတိုင်းလုပ်ငန်းစဉ်မစတင်မီ ကြိုတင်စမ်းသပ်သွားပါမည်။ ယင်းသို့ဆောင်ရွက်ရာတွင် (၃) ကီလိုဂရမ် အလေးချိန်ရှိ ဒိုင်းနမိုက်ကို (၂၅) မီတာ အနက်ပေတွင် Single shot အနေဖြင့်ဖောက်ခွဲတိုင်းတာပြီး ရည်ညွှန်းမှတ်ရယူ ပါမည်။ အလားတူရည်ညွှန်းမှတ်ရယူခြင်းကို ယခု လုပ်ကွက်နှင့် ကပ်လျက် လုပ်ကွက်တစ်ခုတွင်လည်း 2D ဆိုက်စမစ်မြေတိုင်းလုပ်ငန်းဆောင်ရွက်မှုအတွက် အလားတူဆောင်ရွက်ရယူခဲ့ပြီးဖြစ်သည်။

အသေးစားဖောက်ခွဲမှုများကိုသာ ပြုလုပ်တိုင်းတာရန်လိုအပ်သော ဆိုက်စမစ်မြေတိုင်းလုပ်ငန်းဆောင်ရွက်မှုဖြစ်သည့် အတွက် Site Clearance ပြုလုပ်ရန်မလိုအပ်ပါ။ Source တည်နေရာများကိုရွေးချယ်ရာတွင်လည်း Site Clearance ပြုလုပ် ရနိုင်ဖွယ်ရှိသည့် နေရာများအားလုံးကို လျှော့ချရွေးချယ်သွားမည်ဖြစ်သည်။

2D Seismic ဒေတာရယူရာခြင်းကို (၅၀) မီတာ အကွာအဝေးစီခြားထားသော Seismic Line များတစ်လျှောက်တွင် အသေးစားဖောက်ခွဲမှု ( Micro-charges) များကိုပြုလုပ်ဆောင်ရွက်သွားပါမည်။

ခြောက်သွေ့ရာသီအချိန်တွင် 2D Seismic Vibroseis များအသုံးပြုခြင်းကို လုပ်ငန်းခွင်အတွင်းစစ်ဆေးပါမည်။

ပြင်းအားပျော့သော ဆိုက်စမစ် signal များပစ်လွှတ်နိုင်ရန်အတွက် survey lines များတစ်လျှောက်တွင် upholes များကို တူးဖော်အသုံးပြုသွား ပါမည်။ (အနည်းဆုံးအနက်ပေ ၆၀ ပေ ရှိသော Upholes အရေအတွက် အနည်းဆုံး ၂၀ တွင်း) ၏ တည်နေရာကို သေချာစွာ ရွေးချယ်သွားမည်ဖြစ်ပြီး အထိခိုက်ခံနိုင်စွမ်းမရှိသည့်နေရာများကို လုံး၀ ရှောင်ကွင်းရွေးချယ်သွားမည်ဖြစ်သည်။

ပင်မစခန်းတစ်ခုအား Survey လုပ်ငန်းစဉ်များဆောင်ရွက်နေသမျှကာလပတ်လုံး တည်ဆောက်ထားရှိသွားမည်ဖြစ်ပြီး ဖောက်ခွဲရေးပစ္စည်းများအသုံးပြုပြီး ဆောင်ရွက်ရမည့် ဆိုက်စမစ်လုပ်ငန်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်နိုင်ရန် အတွက် ရွက်ဖျင်တဲစခန်းများကိုလည်း တည်ဆောက်အသုံးပြုသွားပါမည်။ ဖောက်ခွဲရေးပစ္စည်းများ ပင်မထားသိုရာနေရာမှာ နီးစပ်ရာ တပ်မတော်တပ်ရင်းများအနီးတွင်တည်ရှိမည်ဖြစ်ပါသည်။ အကယ်၍ ဖောက်ခွဲရေးပစ္စည်း ပင်မထားသိုသည့်နေရာ မှာ လုပ်ငန်း ဆောင်ရွက်မှုနှင့် အလွန်ဝေးကွာသည့် နေရာတွင် တည်ရှိနေပါက ယာယီထားသိုရာနေရာများကိုလည်း Survey ဆောင်ရွက်သည့်နေရာအနီးတစ်ဝိုက်တွင် တည်ဆောက်အသုံးပြုပါမည်။ မည်သို့ပင်ဖြစ်စေ ယင်းနေရာများကို

ရွေးချယ်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ကိုရယူသွားမည်ဖြစ်သည်။ စခန်းချမှုအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းများပြုလုပ်ရာတွင် တည်နေရာကိုရွေးချယ်ခြင်းအား ကန်ထရိုက်တာဘက်မှ အရာရှိများနှင့် eni Myanmar ၏ ကိုယ်စားလှယ်များကိုသာ ရွေးချယ်သတ်မှတ်စေပါမည်။ လုပ်ငန်းဆောင်ရွက်ရာဝင်းအား ခြံစည်းရိုးခတ်ထားမည်ဖြစ်ပြီး တာဝန်ရှိသူများနှင့် ကောင်းစွာလေ့ကျင့်ထားသူများကိုသာ ဝင်ခွင့်ပြုသွားပါမည်။ မီးအန္တရာယ်ကြိုတင်ကာကွယ်မှု စနစ်များကိုလည်း ကောင်းစွာ ပြင်ဆင်ဆောင်ရွက်သွားပါမည်။ သီးသန့် Site Abandonment Plan တစ်ခုကိုလည်း eni Myanmar ဘက်မှ ပြုစုတင်ပြသွားမည်ဖြစ်ပြီး ယင်း Camp စခန်းများအား မည်သို့ပိတ်သိမ်းခဲ့ရမည်ဆိုသည့် လုပ်ငန်းစဉ်များကို ထည့်သွင်းရေးဆွဲသွားပါမည်။ စခန်းများပိတ်သိမ်းမှုတွင် ယာဉ်ယန္တရားများ ၊ စက်ကိရိယာများ၊ အဆောက်အအုံများ နှင့် အခြားစခန်းသုံး အသေတပ်ဆင်ထားသည့်အသုံးအဆောင်ပစ္စည်းများအားလုံးတို့အား ဖယ်ရှားခြင်းကိုလည်း ထည့်သွင်းဆောင်ရွက်သွားပါမည်။

### ၁.၂.၁ စီမံကိန်း၏ ကောင်းကျိုးများ

ယခုဆောင်ရွက်မည့် ဟိုက်ဒရိုကာဗွန် တူးဖော်ရေးစီမံကိန်းသည် အမျိုးသားစီမံကိန်း (National Plan) နှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ဖန်တီးပေးနိုင်မည်ဖြစ်သောကြောင့် ဒေသတွင်းဝင်ငွေတိုးပွားလာစေမည်ဖြစ်သည့်အပြင် နိုင်ငံအတွင်း ဟိုက်ဒရိုကာဗွန်အရင်းအမြစ်များကို အသုံးချနိုင်ခြင်းမှတဆင့် အကျိုးရလဒ်များကို ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကာ ပြင်ပတင်ပို့နိုင်မည်ဖြစ်သောကြောင့်လည်း တိုင်းပြည်စီးပွားရေးကို ပိုမိုတိုးတက်စေနိုင်ပါသည်။

### ၁.၂.၂ အကောင်အထည်ဖော်ရေးအစီအစဉ်

ထုတ်လုပ်မှုအပေါ်အကျိုးတူခွဲဝေရေးစာချုပ်(PSC) အရ တူးဖော်မှုကာလ ၃ နှစ်အတွင်းသာ အလုံးစုံသော လုပ်ငန်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

## ၁.၃ ဥပဒေမူဘောင် နှင့် တည်ဆဲဥပဒေများ

ယခု ESHIA အစီရင်ခံစာအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် EIA လုပ်ထုံးလုပ်နည်းအသစ်များတွင် သတ်မှတ်ထားသည့် အတိုင်းသာ လိုက်နာပြုစုထားခြင်းဖြစ်ပါသည်။

ယခု ESHIA အစီရင်ခံစာကိုပြုစုရာတွင် အောက်ပါ လမ်းညွှန်ချက်များ ၊ စံနှုန်းများနှင့် စည်းကမ်းများအား လိုက်နာပြုစုထားခြင်းဖြစ်ပါသည် -

- eni မှ လက်ခံကျင့်သုံးသည့် IPIECA နှင့် WHO ၏ လမ်းညွှန်ချက်များ IFC စံနှုန်းများ ကဲ့သို့သော နိုင်ငံတကာမူဝါဒများ ၊ ဥပဒေသများနှင့် စံနှုန်းသတ်မှတ်ချက်များ၊
- မြန်မာနိုင်ငံမှ အသိအမှတ်ပြုထားသော နိုင်ငံတကာဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများနှင့်ဆက်စပ်စာချုပ်စာတမ်းများ နှင့် သဘောတူညီချက်များ။

- မြန်မာနိုင်ငံ၏ စီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာ စည်းမျဉ်းဥပဒေများ။ စီမံကိန်းဖွံ့ဖြိုးရေးအတွက် အရေးကြီးအကြောင်းခြင်းရာများဖြစ်ခြင်းကြောင့် ESHIA ၏သတ်မှတ်ချက်များနှင့် သက်ဆိုင်အကျုံးဝင်သည့် တည်ဆဲဥပဒေများအားလုံးနှင့်ကိုက်ညီအောင် အထူးအလေးထားပါသည်။ ယင်းဥပဒေများမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄)၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂) နှင့် ယင်းဥပဒေကိုပြင်ဆင်ထားသည့်ဥပဒေ (၂၀၁၅)၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (၂၀၁၃)၊ သဘာဝပတ်ဝန်းကျင်သက်ရောက်မှုစစ်ဆေးတိုင်းတာရေး လုပ်ထုံးလုပ်နည်းများ (၂၀၁၆)၊ သဘာဝပတ်ဝန်းကျင်အရည်အသွေးစံနှုန်းသတ်မှတ်ချက်များ (၂၀၁၆) ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ (၁၉၉၈)၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေဥပဒေကိုပြန်လည်ပြင်ဆင်ထားသည့်ဥပဒေ (၂၀၀၉)၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅) နှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅) တို့ဖြစ်ကြပါသည်။

## ၁.၄ စီမံကိန်းဒေသတစ်ဝိုက်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေပြုအချက်အလက်များ

ESHIA အခြေပြုအချက်အလက်များ၏ ရည်ရွယ်ချက်မှာ PSC-K လုပ်ကွက်ဧရိယာအတွင်းတွင် တည်ရှိနေသော မတူညီသည့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး အခြေခံစံနှုန်းများကို စီမံကိန်းတည်နေရာတစ်ခုလုံး၏ကိုယ်စားပြု အချက်အလက်များအနေဖြင့် ပြည့်စုံစေ့စပ်စွာ ခြုံငုံသုံးသပ်ထားချက်တစ်ရပ်ထွက်ပေါ်လာစေရန်ဖြစ်ပါသည်။ eni Myanmar အနေဖြင့် နိုင်ငံတကာတွင်အကောင်းဆုံးဖြစ်သည့် စံနှုန်းလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတကာတွင် လုပ်ကိုင်နေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကန်ထရိုက်တာတစ်ဦးဖြစ်သူ ERM (Environmental Resource Management ) အားအလုပ်အပ်နှံကာ ကနဦး သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေးသက်ရောက်မှု စစ်ဆေးတိုင်းတာခြင်း အစီရင်ခံစာတစ်စောင်ကို ပြင်ဆင်စေခဲ့ပါသည်။ လုပ်ကွက် PSC-K အတွင်းတွင် မြေသားသိပ်သည်းဆနှင့် သံလိုက်စက်ကွင်းပြင်းအားဆိုင်ရာ တိုင်းတာလေ့လာမှုတစ်ခုကိုသာလျှင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အရည်အသွေးပြည့်မီသော သဘာဝပတ်ဝန်းကျင်လုပ်ငန်းဆိုင်ရာ ကန်ထရိုက်တာတစ်ဦးဖြစ်သည့် IEM (International Environmental Management) သည် ပြည်တွင်း သဘာဝပတ်ဝန်းကျင်လုပ်ငန်းဆိုင်ရာ ကန်ထရိုက်တာလုပ်ငန်းဖြစ်သော EQM (Environmental Quality Management) ကုမ္ပဏီနှင့်ပူးပေါင်း၍ စစ်တမ်းများပြုစုခြင်း၊ နမူနာအချက်အလက်များစုဆောင်းခြင်းတို့ ပြုလုပ်ရာမှ ရရှိသည့် အချက်အလက်များအပေါ်တွင် အခြေခံပြီး အခြေပြုအချက်အလက်များကိုသုံးသပ်တင်ပြသွားမည်ဖြစ်ပါသည်။

ဆိုက်စမစ်တိုင်းတာလေ့လာမှု၏ အတိုင်းအတာမှာ PSC-K လုပ်ကွက်၏ ဧရိယာအများစုတွင် ပြုလုပ်ရမည်ဖြစ်ပါသည်။ ပုံ ၁.၃ တွင်ပြထားသည့်အတိုင်း လုပ်ကွက်၏နယ်နိမိတ်အား သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး အခြေပြုအချက်အလက်များအတွက် လွှမ်းမိုးမှုဧရိယာ (Area of Influence) အဖြစ်သတ်မှတ်ထားပြီးဖြစ်ပါသည်။

လေ့လာမှုဧရိယာ (Study Area)၏ အခြေပြုအချက်အလက်ဖော်ထုတ်ခြင်းကို ရရှိသမျှသတင်းအချက်အလက်များအား သုံးသပ်အခြေခံပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီးအဆင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးအခြေခံ သတင်းအချက်အလက်များကို အခြေခံဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လုပ်ကွက်ဧရိယာတစ်ခုလုံး၏ မြေအနေအထားသတင်းအချက်အလက်များ ဂြိုလ်တုဓာတ်ပုံများအား လုံးတို့ကို

အခြေခံပြီး အောက်ပါ ပင်မကုန်းမြေဧရိယာများကို သတ်မှတ်ဖော်ထုတ်သွားပါမည်။ (ESHIA ၏ အပိုဒ် ၅.၃.၅ တွင် ဖော်ပြထားပြီးဖြစ်ပါသည်။)

- မြေလွတ်မြေရိုင်း
- ချုံပုတ်များနှင့် ချုံနွယ်များ
- မြေပြန့်တွင်ပေါက်ရောက်သည့်မျိုးစုံသဘာဝပေါက်ပင်များ
- မြို့ပြလူနေအရပ်များ
- မျိုးစုံသောသီးနှံစိုက်ခင်းများ
- ရေသွင်းစိုက်ပျိုးမြေများ
- အပူပိုင်းသစ်တောများ
- အမြဲစိမ်းသစ်တောများ
- ရေတွင်းရေကန် အင်းအိုင်မြစ်ချောင်းများ

အထက်ပါ ယင်းမြေမျက်နှာသွင်ပြင်အထားများကို သက်ဆိုင်ရာသက်ရောက်မှုစစ်ဆေးတိုင်းတာချက်အတွက် အခြေခံ အချက်များ အဖြစ် ထည့်သွင်းစဉ်းစားထားပြီးဖြစ်ပါသည်။

အခြေပြုအချက်အလက်များကို သဘာဝတရားပိုင်း ၊ ဇီဝဗေဒဆိုင်ရာ၊ လူမှုစီးပွားရေး၊ ယဉ်ကျေးမှု၊ အသွင်အပြင်ပိုင်း နှင့် ကျန်းမာရေးပိုင်းဟူ၍ အဓိကကဏ္ဍ (၆) ခုအဖြစ် ခွဲခြမ်းစုစည်းတင်ပြထားပါသည်။

ပုံ ၁.၂ သဘာဝပတ်ဝန်းကျင်လူမှုရေးနှင့်ကျန်းမာရေး အခြေပြုအချက်များအတွက် လွှမ်းမိုးမှုဧရိယာ




## ၁.၄.၁ သဘာဝတရားနှင့်ဆိုင်သော အချက်အလက်များ

PSC-K လုပ်ကွက်သည် ပုံ ၁.2 တွင်ပြထားသည့်အတိုင်း မန္တလေးတိုင်းဒေသကြီးတွင်တည်ရှိပြီး မိုးရေအား အနောက်တောင်မုတ်သုံလေမှ အများဆုံးရရှိသည်။ လှိုင်းပမာမို့မောက်နိမ့်ဝှမ်းနေသည့် မြေပြင်အသွင်သဏ္ဍာန်သည် မိုးရေနှင့်လေများ ပြင်းထန်စွာတိုက်စားမှုကြောင့် ဖြစ်ပေါ် လာခြင်းဖြစ်ပါသည်။ အလယ်ပိုင်းမြေနိမ့်လွင်ပြင်တွင်တည်ရှိပြီး

ရောဝတီမြစ်နှင့် မြစ်လက်တက်အများစု၏ ရေလွှမ်းဒေသလည်း ဖြစ်သောကြောင့် ယင်းဒေသတွင် တောင်ကုန်းငယ်များရှိပြီး မီးတောင်များလည်း ရှိသည့်အပြင် စစ်ကိုင်းပြတ်ရွေ့ကြောင်းဇုန်အတွင်းလည်း ကျရောက်နေသည်ကို များနှုံရှိရသည်။ ထို့ပြင် ယင်းဒေသသည် ဘေးတိုက်ရွေ့ပြတ်ရွေ့ကြောင်းပေါ်တွင် သိသာထင်ရှားစွာ တည်ရှိနေပါသည်။

<u>လေထု</u>

- PSC-K လုပ်ကွက်သည် အောက်ပါ ဥတုရာသီနှစ်မျိုးဖြစ်သော အပူပိုင်းဆာဗားနားရာသီဥတု ( ခြောက်သွေ့ဇုန် အနီးတစ်ဝိုက်) နှင့် အပူပိုင်းမြက်ခင်းလွင်ပြင် (ခြောက်သွေ့ဇုန်) တို့အကြားတွင် တည်ရှိနေသည်။
- ယင်းဒေသ၏ လစဉ်အများဆုံးအပူချိန်မှာ ၂၉ နှင့် ၃၃.၅ ဒီဂရီစင်တီဂရိတ်အထိရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၁၈.၅ မှ ၂၃.၅ ဒီဂရီစင်တီဂရိတ်အထိသာလျော့နည်းတတ်သည်။ အမြင့်ဆုံးအပူချိန်ကို ဧပရယ်လ် လတွင်တိုင်းတာထားခြင်းဖြစ်သည်။
- အမြင့်ဆုံးစိုထိုင်းဆတန်ဖိုးများကို ဆိုင်ကလုန်းရာသီနှင့်နီးကပ်သည့် ဇွန်လ မှ နိုဝင်ဘာလအထိ တိုင်းတာသည်။ မိုးရာသီတွင် အမြင့်ဆုံး အပူချိန်အညွှန်းကိန်းမှာ "Extreme Cation" လွှန်ကဲအဆင့် သို့ရောက်ရှိတတ်ပြီး ၉၅ မှ ၁၀၀ အကြားရှိတတ်သည်။
- မိုးရာသီတွင် ရာသီဥတုကြည်လင်မှုနည်းပါးပြီး ခြောက်သွေ့သောရာသီများတွင် နေထွက် နှင့် နေဝင်ချိန်များတွင် မကြာခဏဆိုသလို မြူထခြင်းများရှိသော်လည်း ရာသီဥတုကြည်လင်သည်။
- ယင်းဒေသကို မိုးရာသီတွင် အနောက်တောင်မုတ်သုံလေဝင်ရောက်လေ့ရှိပြီး အေးမြခြောက်သွေ့သည့် ရာသီများတွင် အရှေ့မြောက်မုတ်သုံလေဝင်ရောက်လေ့ရှိသည်။ မင်းဘူးမိုးလေဝသနှင့်ဇလဗေဒဌာနမှ တိုင်းတာချက်များအရ လေတိုက်နှုန်းများမှာ တစ်စက္ကန့်လျှင် ၀.၉ မိုင်မှ ၁.၇ မိုင်အတွင်းတိုက်ခတ်သည်။
- အဆိုပါဒေသအတွက် လေထုအရည်အသွေးဆိုင်ရာမှတ်တမ်းများမထားရှိသောကြောင့် ကပ်လျက်မြောက်ဖျားဒေသတွင် ၂၀၀၉- ၂၀၁၀ ခုနှစ်ကပြုလုပ်ထားသော Survey အချက်အလက်များကို အနီးစပ်ဆုံးတူညီသည့်လက္ခဏာရှိသဖြင့် ယင်းတို့ကိုထည့်သွင်းစဉ်းစားထားပါသည်။ (သဘာဝပတ်ဝန်းကျင်သက်ရောက်မှုဆန်းစစ်လေ့လာချက် (EIA) _ မြန်မာ-တရုတ် ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း_အခန်း(၇) သဘာဝပတ်ဝန်းကျင်အခြေပြုအချက်အလက်များ-CNPC and IEM)
- အခြေပြုအချက်အလက်များမှ WHO ၏ Guideline (၂၀၀၅ ) နှင့် National Air Quality Standards (USEPA,1990) အရ Annual Mean အောက်တွင်ကောင်းစွာရှိနေပြီးကြောင်းတွေ့ရပြီး နေရာမျိုးစုံတွင် $PM_{10}$ တို့မှာ ပိုမြင့်နေကြောင်းနှင့် နှင့် အဓိကအားဖြင့် သဘာဝအရင်းအမြစ်များမှ ထွက်ရှိသော သတ္တုအောက်ဆိုဒ်များကြောင့်ဖြစ်ပါသည်။
- ဥတုရာသီအပြောင်းအလဲနှင့်ပတ်သက်၍ စိုက်ပျိုးရေးကဏ္ဍရှိ $CH_4$ နှင့် $N_2O$ ထုတ်လွှတ်မှုလမ်းကြောင်းများကို ၂၀၀၀ မှ ၂၀၀၅ ခုနှစ် ရေတိုကာလအတွင်းနှင့် ၁၉၉၀-၂၀၃၀ ရေရှည်ကာလအတွင်းတို့တွင်ပါ သိသာစွာတိုးတက်လာကြောင်း ထင်ရှားစွာဖော်ပြထားပါသည်။ ထို့ပြင် လူဦးရေတိုးတက်လာမှုကြောင့် အမိုက်စွန့်ပစ်မှုကဏ္ဍတွင်လည်း $CH_4$ ထုတ်လွှတ်မှုပမာဏ သိသာစွာတိုးတက်လာသည်ကို တွေ့ရှိရပါသည်။ သစ်တောများပြုန်းတီးမှုကြောင့် ဖြစ်ပေါ်လာသော မြေယာအသုံးပြုမှုပြောင်းလဲလာခြင်းနှင့် သစ်တောကဏ္ဍတို့မှလည်း ယင်းဓာတ်ငွေ့ကို အဓိကထုတ်လွှတ်လာခြင်းများ များနှုံရှိရပါသည်။ ထို့အပြင် သဘာဝသစ်တောဧရိယာများလျော့နည်းလာမှုကြောင့် သဘာဝသစ်တောများ၏ စုစုပေါင်းနှစ်စဉ် $CO_2$ ဖယ်ရှားစုပ်ယူနိုင်စွမ်းမှာလည်း ပုံမှန်ကျဆင်းလျက်ရှိသည်။
- စီမံကိန်းတည်ရှိရာဒေသသည် ကျေးလက်ဒေသဖြစ်သောကြောင့် အသံပိုင်းဆိုင်ရာပတ်ဝန်းကျင်အနေဖြင့် ဝန်းကျင်ဆူညံမှု နည်းပါးနိုင်ပါသည်။

ရေထု

- PSC-K လုပ်ကွက်တွင် မြစ်ငယ်မြစ်ပါဝင်နေပါသည်။ ယင်းမြစ်၏ ပင်မမြစ်လက်တက်များနှင့်မြစ်လက်တတ်ခွဲများက စီမံကိန်းလုပ်ကွက်တည်ရှိရာဒေသတစ်ခုလုံးအနှံ့စီးဝင်နေကြပါသည်။ လုပ်ကွက်ဧရိယာတစ်ခုလုံးသည် ရေလွှမ်းရေကြီးမှုအလွယ်တကူဖြစ်ပေါ်နိုင်သည့် အနေအထားရှိနေပါသည်။
- Study Area အတွင်းရှိမြေပေါ်နှင့် မြေအောက်ရေအရည်အသွေးကိုတိုင်းတာထားသည့် အချက်အလက်များ မရရှိပါ။ ယင်းလေ့လာမှုဧရိယာအတွင်းရှိ ရေအရည်အသွေးဆိုင်ရာအချက်အလက်များကို စီမံကိန်းမစတင်မီအချိန်တွင် သီးသန့်လက်တွေ့ ကွင်းဆင်းတိုင်းတာစမ်းသပ်မှုပြုလုပ်ပြီးလေ့လာတိုင်းတာရမည်ဖြစ်ပါသည်။
- PSC-K လုပ်ကွက်သည် ဧရာဝတီမြစ်၏ရေလွှမ်းဧရိယာအတွင်းတည်ရှိနေပြီး Artesian ရေလွှမ်းဒေသ၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ ဧရာဝတီရေလွှမ်းဒေသ၏ မြေအောက်ရေအရည်အသွေးမှာ သောက်သုံးရေနှင့် စိုက်ပျိုးရေးသုံးနစ်ခုစလုံးအတွက် သင့်လျော်ကောင်းမွန်ကြောင်းတွေ့ရှိရသည်။ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများမစတင်မီ ရေအရင်းအမြစ်ဆိုင်ရာဆန်းစစ်တိုင်းတာခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

မြေထု

- သုံးသပ်လေ့လာမှုအရ RSF-5 လုပ်ကွက်အတွင်းရှိ ကုန်းမြေပုံစံအနေအထားများကို ပင်မ Land cover အမျိုးအစားများအဖြစ် မြေလွတ်မြေရိုင်း၊ ချုံပုတ်များနှင့် ချုံနွယ်များ၊ မြေပြန့်တွင်ပေါက်ရောက်သည့် မျိုးစုံသဘာဝပေါက်ပင်များ၊ မြို့ပြလူနေအရပ်များ၊ မျိုးစုံသောသီးနှံစိုက်ခင်းများ၊ ရေသွင်းစိုက်ပျိုးမြေများ၊ အပူပိုင်းသစ်တောများ၊ အမြဲစိမ်းသစ်တောများ၊ ရေတွင်းရေကန် အင်းအိုင်မြစ်ချောင်းများ။

အပေါ်ယံမြေဆီလွှာနှင့် အောက်မြေဆီလွှာ

- PSC-K လုပ်ကွက်သည် အလယ်ပိုင်းမြေနိမ့်လွင်ပြင်များတွင် တည်ရှိပါသည်။ ယင်းဒေသများသည် မြေသြဇာကောင်းမွန်သော နွံ့စေးမြေပြန့်လွင်ပြင်များဖြစ်ကြပြီး ကြိုကြားကြိုကြားနေရာများတွင် တောင်ကုန်းတောင်တန်း များလည်း တည်ရှိနေပါသည်။ စစ်ကိုင်းလျှင်ပြတ်ရွေ့ကြောင်းကြီး (ဝင်းဆွေ ၁၉၈၁) သည် ယင်းဒေသ၏ အရှေ့ဘက်ဖျားအစွန်းမှ ဖြတ်သန်းတည်ရှိနေခြင်းဖြစ်ပါသည်။
- PSC-K လုပ်ကွက်တွင် အောက်ပါ ဘူမိဆိုင်ရာ ယူနစ်များရှိနေကြောင်းတွေ့ရှိရပါသည်။ Recenta Alluvium ယူနစ်များ၊ Metamorphics Rxs များ၊ အဓိကအားဖြင့် ဂရန်းနိုက်များ၊ ဧရာဝတီ အုပ်စုနှင့်အခြားအလားတူအုပ်စုဝင်များ၊ အောက်ပဲခူးအုပ်စုနှင့် အင်္ဂလိပင်လယ်ရေငန်နှင့်အလားတူအုပ်စုများ၊ Margui Series များ၊ Mawchi Series များ၊ Molasse အမျိုးအစား အနယ်မြေများတို့ ဖြစ်ကြသည်။
- ယင်းဒေသတွင် ဧရာဝတီရေလွှမ်းလွင်ပြင်များသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေအမြင့် ၄၅ မီတာတွင်ရှိပြီး ကုန်းမြင့်ဒေသများတွင် ၁၅၀၀ မီတာအထိအမြင့်ရှိပါသည်။ ယင်းဒေသ၏ လျောစောက်မှာ အလွန်ပြေလျော (1%အောက်ထိရှိ) ပြီး တောင်ကုန်းဒေသများတွင် (၅%) အထိရှိပါသည်။
- လုပ်ကွက်အတွင်းရှိ မြေသားအမျိုးအစားများမှာ- Light Forest Soils (Cinnamon) Nitosol ၊ Meadow Soils (Gleysol) ၊ Meadow Alluvial Soil (Gleysol Fluvic) ၊ Red Brown Savanna Soils (Luvisol) နှင့် Dark Compact Soils (Vertisol) တို့ဖြစ်ကြပါသည်။

- မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ငလျင်ပညာရပ်အရ တည်ငြိမ်မှုမရှိဘဲ ငလျင်ဖြစ်လွယ်သည့် အန္တရာယ်များလည်း ရှိနေကြောင်း တွေ့ရှိရပါသည်။ USGS ၏ အဆိုအရ RSF-5 လုပ်ကွက်သည် ( Modified Mercalli Intensity အရ) 8-9 MMI ဧရိယာအတွင်းတွင် လုံးဝတည်ရှိနေကြောင်းတွေ့ရှိရပါသည်။
- စီမံကိန်းဧရိယာအတွင်း မီးတောင်မရှိသော်လည်း PSC-K လုပ်ကွက်၏ မြောက်ဘက်နယ်နိမိတ်တွင် ပုပ္ပားတောင် တည်ရှိနေပါသည်။
- မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမြေအများဆုံးရှိနေပြီး သဘာဝပေါက်ပင်အနည်းငယ်သာ ကျန်ရှိနေသည်ကို တွေ့ရှိ ရပါသည်။ မြေပြင်တစ်ခုလုံးကို အရောင်စုံ ကောက်ပဲသီးနှံများနှင့် စိုက်ခင်းများက ဖုံးလွှမ်းထားသည်ကို တွေ့ရှိရပါသည်။

## ၁.၄.၂ ဇီဝဗေဒဆိုင်ရာအခြေခံအချက်အလက်များ

မြန်မာနိုင်ငံတစ်ဝှမ်းလုံး (မြောက်ဖျားပိုင်းဒေသများမှလွဲ၍) သည် အင်ဒိုဘားမား ဇီဝမျိုးကွဲစုံစုပေါင်းရာ Hot Spot အတွင်း တည်ရှိနေပါသည်။ ယင်း Hot Spot ကို နိုင်ငံတကာထိန်းသိမ်းရေးအဖွဲ့အစည်း (CIO) မှ သတ်မှတ်ထားခြင်းဖြစ်သည်။ ၂၀၁၉ ခုနစ်တွင် NCEA (သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များဆိုင်ရာအမျိုးသားကော်မရှင်အဖွဲ့) က နိုင်ငံတော်အဆင့် တောက်လျှောက်ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ( NSDS ) ကို မြန်မာနိုင်ငံအတွက် ချမှတ်ပေးခဲ့ပါသည်။ နိုင်ငံအတွင်း ထိန်းသိမ်းမှုပြုလုပ်ရမည့် လမ်းကြောင်း (၄) ခုနှင့် ကာကွယ်ရမည်ဧရိယာ ၄၃ ခုကို သတ်မှတ်ဖော်ထုတ်ပေးပြီး ဖြစ်ပါသည်။

- လေ့လာမှုဧရိယာအတွင်းတွင် နိုင်ငံတကာမှ ကာကွယ်ထားသောဧရိယာများမပါဝင်ပါ။
- အဓိက Biodiversity Area ဖြစ်သော ( ဧရာဝတီမြစ် ဆင်ဖြူကျွန်းမှ မင်းဘူးအထိ) မှာ RSF-5 လုပ်ကွက်အတွင်းတည်ရှိ ပါသည်။ ယင်းဧရိယာသည် လုပ်ကွက်ဧရိယာ၏ ၁ ရာခိုင်နှုန်းအောက်သာ ဖုံးလွှမ်းထားပြီး ဆိုက်စမစ်ဆောင်ရွက်ရာ ဧရိယာအတွင်းတွင် ရှိနေခြင်းမဟုတ်ပါ။
- RSF-5 လုပ်ကွက်တစ်ခုလုံးသည် ဧရာဝတီမြေပြန့်လွင်ပြင်များ၏ Endemic Bird Area အတွင်းတွင် တည်ရှိနေပါသည်။
- လုပ်ကွက်နှင့် အနီးဆုံး ကာကွယ်ထားခံရသည့်ဧရိယာများမှာ ရွှေစက်တော်သဘာဝဘေးမဲ့တော နှင့် ဝက်ထီးကန် ကျေးငှက်ဘေးမဲ့တောများ ဖြစ်ကြပါသည်။
- ICUN ၏ Red List အရ ၂၀၁၆ ခုနစ်အတွက် ဇီဝမျိုးစုံကွဲပြားမှုထောက်လှမ်းလေ့လာခြင်းသုတေသနကို ဆောင်ရွက်ခဲ့ပြီး ငှက်မျိုးစိတ်ပေါင်း ၃၂ စိတ်နှင့် နို့တိုက်သတ္တဝါမျိုးစိတ် ၂ စိတ်ရှိနေကြောင်းအတည်ပြုခဲ့ပါသည်။ ဒေသခံများနှင့်ပြုလုပ်သည့် များဆုံမေးမြန်းမှုများအရ နောက်ထပ် နို့တိုက်သတ္တဝါ ၁၅ မျိုး၊ ငှက် ၁၃ မျိုး၊ တွားသွား မျိုးစိတ် ၃၀ မျိုးနှင့် ကုန်းနေရေနေမျိုးစိတ် ၂၁ မျိုး၊ ကျောရိုးမဲ့သတ္တဝါ မျိုးစိတ် ၁၄ မျိုး၊ ငါးမျိုးစိတ် ၁၇ မျိုးတို့သည် စီမံကိန်း ဧရိယာအတွင်း ရှိနေနိုင်ကြောင်း လေ့လာများနှိုရပါသည်။ ယင်းမျိုးစိတ်များထဲတွင် အထူးထိန်းသိမ်းစောင့် ရှောက်ရခံရမည့် မျိုးတုန်းလုနီးပါးဖြစ်နေသော မျိုးစိတ် ၂ မျိုး၊ Endangered အဆင့် ၆ မျိုး၊ Vulnerable အဆင့် ၇ မျိုး Threatened အဆင့် မျိုးစိတ် ၁၄ မျိုးတို့ရှိနေကြောင်းများနှိုရသည်။
- IPIECA နည်းပညာကို အသုံးပြု ယင်းဒေသများအတွင်းရှိ သက်ရှိများကျက်စားနေမှုကို လေ့လာဖော်ထုတ်ထားပြီး ဖြစ်ပါသည်။ များနှိုရသော သက်ရှိများမှာ မြက်ခင်းပြင်တွင်ကျက်စားသည့် သတ္တဝါများ၊ သစ်တောအတွင်းကျက်စား သည့်သတ္တဝါများ၊ စိုက်ပျိုးမြေများအတွင်းကျက်စားသည့်သတ္တဝါများ နှင့် ရေဝပ်ဒေသ၊ မြစ်ချောင်းအင်းအိုင် ရေကန်များတွင် ကျက်စားသည့်သတ္တဝါများဟူ၍ များနှိုရပါသည်။

- ပါဝင်နေသော ဂေဟစနစ်ဝန်ဆောင်မှုများမှာ အမျိုးစုံရှိနေပြီး ယင်းတို့ကို အောက်ပါအတိုင်းအုပ်စုခွဲဖော်ပြနိုင်ပါသည်။ Provision ၊ Regulating နှင့် Cultural တို့ဖြစ်ပါသည်။ ESHIA အပိုဒ် ၅.၄ တွင် ဂေဟစနစ်ဝန်ဆောင်မှုစာရင်း အသေးစိတ်ကိုဖော်ပြထားပါသည်။

### ၁.၄.၃ လူမှုရေးဆိုင်ရာအခြေခံအချက်များ

PSC-K လုပ်ကွက်သည် မန္တလေးတိုင်းဒေသကြီးတွင်တည်ရှိပါသည်။ မြန်မာပြည်အလယ်ပိုင်းဒေသတွင်တည်ရှိပြီး အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ရှမ်းပြည်နယ်နှင့် တောင်ဘက်တွင် ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့ တည်ရှိနေပါသည်။

မန္တလေးတိုင်းဒေသကြီးသည် အလယ်ပိုင်းမြေနိမ့်လွင်ပြင်ဒေသတွင်တည်ရှိပြီး ဧရာဝတီမြစ်နှင့် ယင်းမြစ်လက်တက်ကြီးများ၏ ရေလွှမ်းရေဝပ်ခံဒေသများလည်း ဖြစ်ပါသည်။ တောင်ကုန်းများ၊ တောင်ကြောများ နှင့် တောင်ငယ်များအချို့ နေရာများတွင် တည်ရှိပါသည်။ ဤဒေသတွင် တောင်ကြောငယ်များအထပ်ထပ်ရှိပြီး မီးတောင်များနှင့် စစ်ကိုင်းပြတ်ရွေ့ကြောင်း ပေါ်တွင် တည်နေသည့် ဒေသဖြစ်ပါသည်။ ယင်းဒေသသည် အဓိကထင်ရှားသော အလျားလိုက်ပြတ်ရွေ့ကြောင်းကြီးပေါ်တွင် တည်ရှိနေခြင်းဖြစ်ပါသည်။

ESHIA အစီရင်ခံစာတွင် တင်ပြအစီရင်ခံထားသည့် Study Area ၏လူမှုစီးပွားရေးအခြေအနေများကို နိုင်ငံတော် အဆင့်နှင့် တိုင်းဒေသကြီးအဆင့်အဓိကထားပြီး ရနိုင်သမျှ သတင်းအချက်အလက်များကို အခြေခံပြီးလေ့လာတင်ပြ ထားခြင်း ဖြစ်ပါသည်။ လူမှုစီးပွားဆိုင်ရာ အဓိကလေ့လာတွေ့ရှိချက်များကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

- မြန်မာနိုင်ငံသည် အရင်းအမြစ်သယံဇာတကြွယ်ဝသော အထူးသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ အပြင် ကျွန်းသစ်များ ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်သည်။
- စိုက်ပျိုးရေးအဓိကလုပ်ကိုင်သည့်နိုင်ငံဖြစ်ပြီး လူဦးရေ၏ ၇၀% မှာ ကျေးလက်တွင်နေထိုင်ကြသူများဖြစ်သည်။ အဓိက စိုက်ပျိုးသည့်သီးနှံမှာ ဆန်စပါးဖြစ်ပြီး နိုင်ငံတစ်ဝှမ်းလုံး၏ စုစုပေါင်း စိုက်ပျိုးမြေ ၆၀ % ကို ဆန်စပါးကိုသာ စိုက်ပျိုးပါသည်။
- ဆင်းရဲသားလူတန်းစားဦးရေမှာ ၂၅.၆% ရှိပြီး နိုင်ငံသားအများစုမှာ မိမိတို့ဝင်ငွေကို အစားအသောက်ပေါ်တွင် ၇၀ % နှုန်းအသုံးချကြပြီး ကျန်ရှိသည့် ရာခိုင်နှုန်းအနည်းငယ်ကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် မိမိကလေးငယ်များ၏ ပညာရေးအတွက် အသုံးပြုကြပါသည်။
- မြန်မာနိုင်ငံတွင် လူကြီးစာတတ်မြောက်မှုနှုန်းမှာ အတော်လေး မြင့်မား (၉၂.၃%ရှိ) ပါသည်။ မူလတန်းအရွယ် ကလေးငယ်အများစု (၉၀.၂%) သည် ကျောင်းတက်နိုင်ကြပြီး ယင်းတန်ဖိုးမှာ မကွေးတိုင်းဒေသကြီး အတွက် အတန်ငယ်(၉၃.၅%) မြင့်မားပါသည်။ ထို့ကြောင့် ၅၈.၃% (မကွေးတိုင်းဒေသကြီးတွင် ၅၅.၈%) သော အလယ်တန်းကျောင်းတက်ရမည့်အရွယ်ကလေးများက ကျောင်းတက်နေကြပါသည်။ နိုင်ငံတော်အဆင့်တွင် ကျား နှင့် မ လူဦးရေမှာ သိသာစွာ ခြားနားခြင်းမရှိပါ။
- အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေမှာ ၃၇.၄၄ သန်းရှိပြီး ယင်းအထဲမှ ၃၀.၁၃ သန်းမှာ အလုပ်လုပ်နေကြပါသည်။ အလုပ်လက်မဲ့နှုန်းမှာ ၄% သာရှိပါသည်။

- နိုင်ငံအတွင်းရှိ လမ်းအများစုကို ခင်းထားခြင်းမရှိသေးသည့်အပြင် မိုးရာသီတွင် လမ်းအများစုမှာ ဖြတ်သန်းသွားရန် ခက်ခဲလှပါသည်။

### ၁.၄.၄ ယဉ်ကျေးမှုအခြေခံအချက်အလက်များ

ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်ပြီး လေ့လာသုံးသပ်ရသမျှ များနှိုင်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- လက်ရှိ မြန်မာနိုင်ငံတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသ တစ်ခုသာရှိပြီး ပျူရှေးဟောင်းမြို့တော်များနယ်မြေဖြစ်ပါသည်။ ယင်းဒေသတွင် အုတ်နံမှုခ်ဦးတပ်ထားသည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းတို့ပါဝင်နေပါသည်။ ယင်းမြို့ဟောင်းများသည် ဧရာဝတီမြစ်ဝှမ်းဒေသ၏ ရေမဝပ်သော ကြီးမားသည့် မြေပြန့်ဇုန်တွင်တည်ရှိပါသည်။ အစမ်းထိန်းသိမ်းခံဒေသများအဖြစ်တည်နေရာ (၈) ခုကိုရွေးချယ်ထားပြီးဖြစ်သည်။ PSC-K လုပ်ကွက်အတွင်းကြရောက်သည့် တစ်ခုတည်းသော ယဉ်ကျေးမှုအမွေးအနှစ်နယ်မြေမှာ ပြဒါးလင်းဂူနှင့် အခြားဆက်စပ်နေသည့်ဂူများဖြစ်ကြပြီး ယင်းလုပ်ကွက်၏ ၃၀ ကီလိုမီတာကွာဝေးသော နေရာတွင်တည်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာတစ်ခုမှာ မြို့ဟောင်းများဖြစ်သည့် အင်းဝ၊ အမရပူရ၊ မင်းကွန်း မန္တလေးမြို့များပင်ဖြစ်ပြီး ရွှေကျောင်းဘုန်းတော်ကြီးကျောင်းများလည်းရှိသည်။
- မြန်မာနိုင်ငံသည် ဘုရားစေတီများပေါ်များသည့် နိုင်ငံတစ်ခုဖြစ်သောကြောင့် စီမံကိန်းဧရိယာအတွင်း ဘုရားစေတီများ သိသာထင်ရှားသည့်ပမာဏတစ်ခုအထိ တည်ရှိနေသည်ကို များနှိုင်ရပါသည်။ PSC-K လုပ်ကွက်အတွင်း ဂူပုထိုးပေါင်း ၁၂၈၄ ဂူရှိသည်။

### ၁.၄.၅ အသွင်အပြင်ဆိုင်ရာအခြေခံအချက်အလက်များ

PSC-K လုပ်ကွက်၏ နယ်မြေဧရိယာအား ဂြိုလ်တုမြေပုံများပေါ်တွင် အခြေခံပြီး အောက်ပါအတိုင်း အဓိက ဧရိယာကြီးများအဖြစ် ခွဲခြားသတ်မှတ်နိုင်ပါသည်။

- စိုက်ပျိုးမြေဧရိယာများ - ယင်းဧရိယာများတွင် စိုက်ပျိုးမြေကွက်များတစ်ဆက်တည်းတည်ရှိနေပြီး ယင်းမြေကွက်များအကြား စိုက်ပျိုးမြေကွက် တစ်ကွက်နှင့်တစ်ကွက်ကိုဆက်စပ်ပေးထားသည့် အလွန်ကျဉ်းမြောင်း သော ကွန်ယက်သဖွယ်ဖြစ်နေသည့် လယ်ကန်သင်းရိုးများဖြင့် ချိတ်ဆက်ထားသည်။ ယင်းဧရိယာကို မြစ်ကြီးများများကိုဆယ်ထားသော ရေကာတာကြီးများမှဖြန့်ဝေသည့် အဓိက ရမြောင်းကွန်ယက် (ရိုး) စနစ်မှ စိုက်ပျိုးရေးဖြန့်ဖြူးပေးပြီး လူအားဖြင့် တူးဖော်ထားသော ရိုးငယ်များဖြင့် စိုက်ပျိုးမြေကွက်များသို့ ရေရရှိအောင် ဖောက်သွယ်ထားသည်။
- သဘာဝသစ်တောဧရိယာများ၊ သဘာဝအတိုင်းခေါင်သီသောဒေသမားကို ညီညာသော သစ်တောများက ဖုံးအုပ်ထားပြီး လမ်းပန်းဆက်သွယ်ရေးအလွန်နည်းပါးခက်ခဲလှသည်။ လူနေထိုင်မှုအလွန်နည်းပါးသည်။ မြစ်အသေးစားများနှင့် စမ်းချောင်းများမှ ရရှိသော ရေသွယ်မြောင်းဖြင့် ရေကိုသာမာန်ဖြန့်ဝေထားသကဲ့သို့ရှိနေသည်။ မြေမျက်နှာသွင်ပြင်မှာ ညီညာမှုမရှိဘဲ ကြမ်းတမ်းသည်။

- ရေလွှမ်းမြေပြန့်ဒေသများ - ယင်းဒေသများသည် ရေရရှိနိုင်မှုအလွန်မြင့်မားသောကြောင့် ကြီးမားသည့် သဘာဝပေါက်ပင်များလွှမ်းမိုးပေါက်ရောက်နေကြသည်။ အဓိကအားဖြင့် မြက်ခင်းပြင်နှင့် သစ်တောကွက်ငယ်များတည်ရှိသည်။ မြစ်များကို အဓိကအားဖြင့် ယှက်နွယ်နေကြပြီး မြစ်ကြမ်းပြင်များတွင် သဲနုန်းများနှင့် ကျွန်းငယ်များ အများအပြားတည်ရှိသည်။ အနယ်ကျနုန်းများကို ရေလွှမ်းမြေပြန့်ဒေသများတွင် ကျယ်ပြန့်စွာ များနေပြီး လမ်းများဖြင့် ဆက်သွယ်ထားသည်ကိုများနေရသည်။
- တောင်ကုန်းဒေသတွင် တိုက်စားမှုကြောင့်ဖြစ်ပေါ်သောမြေအမျိုးအစားများရှိသည့် ဇရိယာ - ယင်းဇရိယာတွင် ချုံပုတ်၊ ချုံနွယ်များ၊ တောအုပ်များသည် မြစ်လက်တက်ငယ်များနှင့် ချောင်းစပ်များအထိ ပေါက်ရောက်လွှမ်းမိုးထားကြသည်။ တောင်ကုန်းချိုင့်ဝှမ်းနှင့် တောင်ကြားများအကြားရှိ ယင်းမြေအမျိုးအစားများကို စိုက်ပျိုးဇရိယာများအဖြစ် ပြောင်းလဲထားကြသည်။ ယင်းဇုန်များသို့ ခေတ်မီလမ်းပန်းဆက်သွယ်မှုများမပေါက်ရောက်သေးသည့်အပြင် လူနေထိုင်ခြင်းနှင့် လူနေအိမ်ခြေများ ရှားပါးနေကြောင်းတွေ့ရှိရပါသည်။
- လူနေအိမ်ခြေများနှင့် ကျေးရွာများ

## ၁.၄.၆ ကျန်းမာရေးအခြေခံအချက်အလက်

ESHIA တွင်ဖော်ပြထားသည့် လေ့လာမှုဇရိယာအတွင်းရှိ ကျန်းမာရေးအခြေအနေများမှာ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီးအဆင့်ရှိ ရရှိနိုင်သော သတင်းအချက်အလက်များကို သုံးသပ်ထားမှုများမှတဆင့် အခြေခံပြီးပြုစုထားခြင်းဖြစ်သည်။ အဓိကလေ့လာများနေ့ရှိမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ကျန်းမာရေးပြဿနာများကို ခံနိုင်စွမ်းမရှိသည့် အချို့အရပ်များတွင် ကျန်းမာရေးသတင်းအချက်အလက်များနှင့် ကျန်းမာရေးဝန်ဆောင်မှုများရရှိမှုမှာ အကန့်အသတ်ဖြင့်ရှိနေပါသည်။ ယင်းတို့အထဲတွင် ကျေးလက်ဒေသနေပြည်သူများ၊ ဝေးလံခေါင်ဖျားသည့်အရပ်ဒေသနေသူများနှင့် မြို့စွန်မြို့ဖျားမှ ဝင်ငွေနည်းသော မိသားစုများတို့ပါဝင်ပါသည်။
- နိုင်ငံသားများ ကျန်းမာအသက်ရှည်ကြစေရန်ကြီးမားသည့်ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အဆင့်ကျန်းမာရေးစီမံကိန်းကို ဖော်ထုတ်ထားပြီးဖြစ်ပါသည်။ အနာဂါတ်တွင် ကျန်းမာရေးစိန်ခေါ်မှုများကိုဖြေရှင်းနိုင်ရန်အတွက် နှစ် ၃၀ နှစ်ရှည်စီမံကိန်းကြီးများ၊ နိုင်ငံတော်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကို ကျန်းမာရေးကဏ္ဍအတွက် ထည့်သွင်းချမှတ်ပြီးဖြစ်ပါသည်။
- မြန်မာနိုင်ငံ၏ လူ့သက်တမ်းပျမ်းမျှ ၆၅.၉ နှစ်ရှိပါသည်။ အမျိုးသားများမှာ ၆၃.၆ နှစ်ပျမ်းမျှဖြစ်ပြီး အမျိုးသမီးများမှာ ၆၈.၅ နှစ်ပျမ်းမျှဖြစ်ပါသည်။
- မကွေးတိုင်းဒေသကြီးတွင် သောက်သုံးရေရယူသည့်အဓိကအရင်းအမြစ်များမှာ အဝီစိတွင်းများမှရယူမှုမှာ ၅၃.၉ % ဖြစ်ပြီး အကာအရံရှိသည့်ရေတွင်းမှာ ၁၈.၉% ဖြစ်သော်လည်း ၇.၂% သောရေတွင်းများမှာ အကာအရံမရှိသော တွင်းများဖြစ်ကြပြီး ၁၀.၆%မှာ ရေတွင်းရေကန်များမှ ရယူခြင်းဖြစ်သည်။
- မြန်မာနိုင်ငံတွင် မိလ္လာနှင့်ရေဆိုးနှုတ် စနစ်များဖွံ့ဖြိုးတိုးတက်မှုသည် ဒေသခံများ၏ စီးပွားရေး၊ နေထိုင်ရာအရပ်ဒေသတို့ နှင့် ကြီးမားစွာဆက်စပ်နေပါသည်။ မြို့ပြများတွင် လူဦးရေ၏ ၉၄.၄ % သည် မိလ္လာနှင့်ရေဆိုးစနစ်များကို ရရှိအသုံးပြုနိုင်ကြပြီး ကျေးလက်များတွင် ၈၀.၄ % နှင့် အဆင်းရဲဆုံးလူတန်းစားများအနေဖြင့် တိုးတက်သည့် အခြေခံအဆောက်အအုံများကို ၅၉.၈% ခန့်သာလျှင် ရရှိကြသည်။ အချမ်းသာဆုံး လူတန်းစားများအကြားတွင် ၉၈.၂% ခန့်ရရှိကြသည်ကိုများနေရသည်။

- မန္တလေးတိုင်းဒေသကြီးတွင် ကလေးသူငယ်များ မွေးသေဆုံးနှုန်းမှာ အနည်းဆုံးဖြစ်ပြီး မြန်မာနိုင်ငံ၏ သေဆုံးနှုန်း အဆင့် ၅ အောက်တွင်ရှိသည်။ (မွေးဖွားပြီးအသက်ရှင်နှုန်းမှာ ၁၀၀၀ ဦးရေတွင် ၃၉.၂၄ သေဆုံးပြီး ၁၀၀၀ တွင် ၁.၇၆ သေဆုံးနှုန်းရှိသည်) ။ မိခင်သေဆုံးမှုနှုန်းမှာ လည်း နည်းပါးပြီး ၁၀၀၀ မွေးဖွားလျှင် ၁.၇၆ ဦးသေဆုံးသည့် နှုန်းရှိသည်။

## ၁.၅ သက်ရောက်မှုစစ်ဆေးတိုင်းတာခြင်းနှင့် လျော့ချရေးနည်းလမ်းများ

စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးသက်ရောက်မှုများအား သတ်မှတ်ဖော်ထုတ်တိုင်းတာခြင်းတို့ကို စီမံကိန်းနှင့်ပတ်သက်သော 3D Seismic Survey လုပ်ငန်းဆောင်ရွက်မှုများအတွက် ဆောင်ရွက်ပြီးဖြစ်ပါသည်။

(ကောင်းကျိုး သို့မဟုတ် ဆိုးကျိုး) သက်ရောက်မှုတစ်ခုချင်းစီ၏ ထူးခြားမှုများကို eni ၏ စံနှုန်းသတ်မှတ်ထားချက်များ ( Environmenatal , Social and Health Impact Assessment in Exploration_ AMTE - TG 002 r00) :နှင့်အညီ အောက်ပါ စံနှုန်းသတ်မှတ်ချက်များကို အသုံးပြုလျက် စစ်ဆေးတိုင်းတာထားပြီးဖြစ်ပါသည်။

- သက်ရောက်မှု၏ ကာလအတိုင်းအတာ ( ဥပမာ - ယာယီ၊ ကာလတို၊ ကာလရှည်၊ အမြဲတမ်း)
- သက်ရောက်မှု၏ အကွာအဝေးအတိုင်းအတာ (ဥပမာ - နယ်မြေအတွင်း၊ ဒေသအတွင်း၊ နိုင်ငံတော်အတွင်း၊ နယ်နိမိတ်ဖြတ်ကျော်သက်ရောက်မှု)
- သက်ရောက်မှုခံရသော receptor/resource ၏ ခံနိုင်မှု၊ မူလအခြေအနေပြန်ဖြစ်နိုင်မှု နှင့်/သို့မဟုတ် အရေးပါမှု
- သက်ရောက်မှုကို ခံစားရနိုင်သည့် အရာများအရေအတွက် ( လူပုဂ္ဂိုလ်များ၊ အိမ်ထောင်စုများ၊ လုပ်ငန်းများ၊ မျိုးစိတ်များ၊ စားကျက်မြေများ)

သက်ရောက်မှုလျော့ချစေနိုင်မည့် ထိရောက်သော ဆောင်ရွက်မှုများကို ဖော်ထုတ်ထားပြီးဖြစ်သည့်အပြင် သက်ရောက်မှုစစ်ဆေးတိုင်းတာမှုတွင် ယင်းဆောင်ရွက်မှုများမကို သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ၊ လူမှုရေးနှင့် ကျန်းမာရေးအခြေခံ အချက်အလက်များ အသီးသီးစီအား ဒေသတွင်းသက်ရောက်မှုများအဖြစ် အရေးပေးလေ့လာသုံးသပ်ထားပြီးဖြစ်ပါသည်။

### ၁.၅.၁ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ

- Grav-Mag Survey ကို Study Area တစ်ခုလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆိုက်စမစ်တိုင်းတာမှု တည်နေရာကိုမူ လာမည့်အပိုင်း ၄ တွင်ဖော်ပြပေးသွားပါမည်။ ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများကိုလည်း ပင်မ Land Cover များအဖြစ် မြေလွတ်မြေရိုင်း၊ ချုံပုတ်များနှင့် ချုံနွယ်များ၊ မြေပြန့်တွင်ပေါက်ရောက်သည့် မျိုးစုံသဘာဝပေါက်ပင်များ၊ မြို့ပြလူနေအရပ်များ၊ မျိုးစုံသောသီးနှံစိုက်ခင်းများ၊ ရေသွင်းစိုက်ပျိုးမြေများ၊ အပူပိုင်းသစ်တောများ၊ အမြဲစိမ်းသစ်တောများ၊ ရေတွင်းရေကန် အင်းအိုင်မြစ်ချောင်းများအသီးသီးစီတွင် လေ့လာထားပြီး ဖြစ်ပါသည်။

စီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများမှာ အောက်ပါတို့နှင့်ဆက်နွယ်နေပါသည်။

- လေထုအရည်အသွေး
- ဆူညံမှုနှင့် တုန်ခါမှု
- ရေထု

- မြေဆီလွှာနှင့် အောက်မြေဆီလွှာ
- ဒေသရင်းအပင်များနှင့် သဘာဝပေါက်ပင်များ
- ဒေသရင်းတိရစ္ဆာန်များနှင့် စားကျက်မြေများ
- ဂေဟစနစ်ဝန်ဆောင်မှုများ

သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများသည် Grav-Mag တိုင်းတာမှုနှင့် ဆိုက်စမစ်မြေတိုင်း လုပ်ငန်း စီမံကိန်းများ ဆောင်ရွက်မှုများပြုလုပ် နေချိန်တွင် ဖြစ်ပေါ်နိုင်သည့်အလားအလာရှိပါသည်။

အထက်ဖော်ပြပါအခြေခံအမျိုးအစားများအပေါ် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများအား အောက်ပါ ကဏ္ဍများဖြင့် ဖော်ပြမည်ဖြစ်ပြီး အချပ်ပို ၃ ၏ ဇယား (၁) နှင့် (၂) တို့တွင်လည်း အကျဉ်းချုပ်ဖော်ပြထားပါသည်။

### *၁.၅.၁.၁ လေထု*

**Grav-Mag ဆာဗေး**

- လေယာဉ်အသုံးပြုမှုမှ ထုတ်လွှတ်သည့် အငွေ့များကြောင့် လေထုအပေါ်သက်ရောက်မှုများရှိနိုင်ပါသည်။ ယင်းသက်ရောက်မှုမှာလည်း ဒေသတစ်ခုလုံးအတွက် **နည်းပါး** မည်ဟုမျှော်လင့်ရပြီး သက်ရောက်မှုလျှော့ချရေး များ အသုံးပြုစရာလိုမည်မဟုတ်ပါ။

**ဆိုက်စမစ်ဆာဗေး**

- Land Cover အမျိုးအစားအားလုံးအတွက် အသေးစားဖေါက်ခွဲမှုများမှ ဖုန်မှုန့်များထုတ်လွှတ်မှုကြောင့်ဖြစ်သော သက်ရောက်မှုများမှာ နည်းပါးကြောင်းမျှော်လင့်ရပါသည်။ လျှော့ချခြင်းများ ဥပမာ Wet Suppression နည်းကို အသုံးပြုခြင်း၊ စက်ယန္တရားများ၏ အရှိန်ကိုကန့်သတ်ခြင်း၊ ဖုန်မှုန့်ထွက်ရှိမှုကို ထိန်းချုပ်သည့် နည်းလမ်းများအသုံး ပြုခြင်း၊ လမ်းများအား အချိန်သတ်မှတ်ပြီး ပုံမှန်ပြုပြင်ပေးခြင်းတို့ကို အကောင်အထည်ဖော်ရပါမည်။
- ယာဉ်များနှင့် မီးစက်များမှ မှုတ်ထုတ်လိုက်သော လေထုညစ်ညမ်းစေသည့် အရာများထုတ်လွှတ်မှုကြောင့် ဖြစ်ပေါ်သော သက်ရောက်မှုမှာလည်း Land Cover အမျိုးအစားအားလုံးအတွက် နည်းပါးမည်ဟု မျှော်လင့်ရပါသည်။ ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ ယာဉ်ယန္တရားများအသုံးချမှုကို လျှော့ချခြင်း၊ မီးစက်များကိုလည်း WHO ၏ ထောက်ခံလမ်းညွှန်ချက်များနှင့်အညီ လေအောက်ဘက် အရပ်များတွင်သာ ထားရှိသုံးစွဲခြင်းစသည့် လျှော့ချရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

သက်ရောက်မှု၏ သဘာဝနှင့် အကောင်အထည်ဖော်မည့် လျှော့ချရေးနည်းလမ်းများကို ထည့်သွင်းစဉ်းစားကြည့်ပါက ဆိုက်စမစ်မြေတိုင်းလုပ်ငန်းဆောင်ရွက်မှုကြောင့်ဖြစ်ပေါ်လာသော သက်ရောက်မှုများမှာ ဒေသတစ်ခုလုံးအတွက် **နည်းပါးမည်**ဟု မျှော်လင့်ရပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာလည်း သက်ရောက်မှု၏ ပမာဏနှင့် အတိုင်းအတာကြာချိန်တို့ကြောင့်ဖြစ်ပါသည်။ ဖုန်မှုန့်များနှင့် ညစ်ညမ်းစေသောအရာများ ထုတ်လွှတ်မှုမှာ ယာယီသာဖြစ်ပြီး လုပ်ငန်းခွင်ဆောင်ရွက်နေသော နေရာများနှင့် အနီးကပ်တည်ရှိနေသည့် ပတ်ဝန်းကျင်တို့တွင်သာ ဖြစ်ပေါ်မည်ဖြစ်သည်။

### *၁.၅.၁.၂ ဆူညံမှုနှင့် တုန်ခါမှုဖြစ်ပေါ်စေခြင်း*

**Grav-Mag ဆာဗေး**

- Grav-Mag အသုံးပြုမြေတိုင်းတာမှုလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လေယာဉ်သည် စီမံကိန်းဧရိယာအပေါ်မှ မီတာ ၈၀ မှ ၂၀၀ အကြား အနိမ့်ပျံသန်းသွားမည်ဖြစ်သောကြောင့် ဆူညံမှုထွက်ပေါ်မည်ဖြစ်ကာ သက်ရောက်နိုင်ခြေရှိမှုများအနေဖြင့် Sensitive ဖြစ်သည့် Receptor များကို သက်ရောက်မှုဖြစ်ပေါ်စေနိုင်သည်။ ယင်းအနောင့်အယှက်ဖြစ်စေမှုမှာ ယာယီမျှသာဖြစ်ပြီး လေယာဉ်အနီးတစ်ဝိုက်တွင်သာ ဖြစ်ပေါ်မည် ဖြစ်ပါသည်။ ပြင်းထန်သည့် တုန်ခါမှုများဖြစ်ပေါ်စေမည်မဟုတ်ပါ။ ဒေသတစ်ခုလုံးအတွက် ဆူညံမှုနှင့်ဖြစ်ပေါ်စေနိုင်သည့် သက်ရောက်မှုမှာ **နည်းပါး** သည်ဟု ခန့်မှန်းရပါသည်။

**ဆိုက်စမစ်ဆာဗေး**

- လုပ်ငန်းခွင်ပြင်ဆင်နေရာချခြင်းနှင့် Line Clearance တို့လုပ်ဆောင်ချိန်အတွင်း ဆူညံမှုနှင့် တုန်ခါမှုဖြစ်ပေါ်ခြင်းတို့ကြောင့်ဖြစ်သော ကာလတိုသက်ရောက်မှုများမှာ ယခုလေ့လာသည့် ဧရိယာတွင် နည်းပါးမည်ဟု ခန့်မှန်းရပါသည်။ ယာဉ်ယန္တရားများအား အသုံးမလိုပါက စက်ရပ်ထားစေခြင်းစသည့် သက်ရောက်မှုလျော့ချရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သွားပါမည်။
- ဖောက်ခွဲမှုလုပ်ငန်းဆောင်ရွက်မှုကြောင့်ဖြစ်ပေါ်လာမည့် ဆူညံမှုနှင့် တုန်ခါမှုများမှာ ယခုလေ့လာသည့်ဧရိယာတွင် နည်းပါးမည်ဟု ခန့်မှန်းရပါသည်။ ယာဉ်ယန္တရားများအား အသုံးမလိုပါက စက်ရပ်ထားစေခြင်း၊ ဆူညံမှုဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မှုများကို တစ်ပြိုင်နက်တည်း ပူးပေါင်းဆောင်ရွက်စေခြင်း ဖြင့် ဆူညံမှုကို တစ်ပြိုင်တည်းဖြစ်ပေါ်စေခြင်း၊ ဆူညံမှုကို ခံနိုင်စွမ်းမရှိဆုံးဖြစ်သည့် အချိန်များတွင် ဆူညံမှု ဖြစ်ပေါ် စေမည့် လုပ်ငန်းဆောင်ရွက်မှုများကို ကန့်သတ်ထားခြင်းစသည့် လျော့ချမှုနည်းလမ်းများအား အကောင်အထည်ဖော်သွားပါမည်။

ဆိုက်စမစ်လုပ်ငန်းဆောင်ရွက်မှုများကြောင့် ထွက်ပေါ်လာသော ဆူညံမှုနှင့် တုန်ခါမှုများမှာ ယာယီသာဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သည့် ဆိုက်များနှင့် ကပ်လျက်ပတ်ဝန်းကျင်မှာ အကန့်အသတ်ဖြင့်သာ သက်ရောက်မှုရှိစေမည်ဖြစ်ပါသည်။ လူနေပတ်ဝန်းကျင်များနှင့် ရွာများတွင် **အတန်အသင့်** သက်ရောက်မှုရှိမည်ကလွဲ၍ ဧရိယာတစ်ခုလုံးတွင် သက်ရောက်မှု **နည်းပါးမည်** ဟု ခန့်မှန်းရပါသည်။ ဆူညံမှုထွက်ပေါ်စေမှုများဖော်ထုတ်နိုင်စေရန်နှင့် လျော့ချမှုနည်းလမ်းများကို အမှန်တကယ် ထိရောက်စွာ ဖော်ထုတ်နိုင်စေရန် အတွက် ဆူညံမှုကို တိုင်းတာစောင့်ကြည့်သည့် အစီအစဉ်တစ်ခုကို သတ်မှတ်ဖော်ထုတ်ထားပြီးဖြစ်ပါသည်။

*၁.၅.၁.၃ ရေထု*

**Grav-Mag ဆာဗေး**

Grav-Mag ဖြင့်မြေတိုင်းလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဆူညံမှုများ မရှိပါ။

**ဆိုက်စမစ်ဆာဗေး**

ဆိုက်စမစ်လုပ်ငန်းဆောင်ရွက်မှုများမှ အတွက် ရေထုအပေါ်သက်ရောက်နိုင်သည့် အကြောင်းများမှာ လုပ်ငန်းခွင် ပြင်ဆင်တည်ဆောက်ခြင်း၊ Line Clearance ပြုလုပ်ခြင်း၊ နှင့် လမ်းများဖောက်လုပ်ခြင်း၊ ရေသုံးစွဲခြင်း၊ စက်ယန္တရားများ သွားလာလှုပ်ရှားခြင်း၊ စက်ကိရိယာများနှင့် လုပ်သားများ သွားလာလှုပ်ရှားကြခြင်း၊ အညစ်အကြေးစီမံခန့်ခွဲမှုဆောင်ရွက် ခြင်းတို့ဖြစ်သည်။ ဖြစ်ပေါ်လာမည့် သက်ရောက်မှုများနှင့် ဆောင်ရွက်မည့် လျော့ချရေးနည်းလမ်းများမှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

- အဖတ်နှင့်အရည်အညစ်အကြေးများကြောင့် ရေအရင်းအမြစ်များအား မမျှော်လင့်ဘဲ ညစ်ညမ်းစေရာမှ ဖြစ်ပေါ်နိုင် ချေရှိသည့် သက်ရောက်မှုများမှာ **အတန်အသင့်** သာရှိမည်ဟု တွက်ချက်ထားပါသည်။ ရေနှင့်အညစ်အကြေး စီမံခန့်ခွဲမှုအတွက် သီးသန့်အစီအစဉ်တစ်ခု ( ESHIA ၏ အပိုဒ် ၈ ကိုကြည့်ပါ)ကို ထည့်သွင်းဆောင်ရွက် သွားမည် ဖြစ်ပြီး စွန့်ပစ်အရည်များအား ရေအရင်းအမြစ်များထဲသို့ စွန့်ပစ်ခြင်းအား ခွင့်ပြုမည်မဟုတ်ပါ။
- လောင်စာဆီများ၊ ချောဆီများနှင့် ဓာတုပစ္စည်းများကြောင့် ညစ်ညမ်းအဆိပ်သင့်ခြင်းများဖြစ်ပေါ်ခြင်းကြောင့် ဖြစ်သော သက်ရောက်မှုများ **အတန်အသင့်** သာရှိပါမည်။ သက်ရောက်မှု လျော့ချခြင်း နည်းလမ်းများ အဖြစ် ယာယီလောင်စာသိုလှောင်မှုများကို သေချာစွာ စနစ်တကျစည်းကမ်းဖြင့်လုပ်ဆောင်စေမည်၊ လုပ်ငန်းခွင်အတွင်း လောင်စာဆီပြန်လည်ဖြည့်တင်းမှုကို ဖိတ်စင်မှု မဖြစ်ပေါ်စေရန် လိုအပ်သည့်ကိရိယာစက်ပစ္စည်းများဖြင့် ဆောင်ရွက်စေမည်၊ မတော်တဆ လောင်စာဆီယိုဖိတ်မှု ဖြစ်ပေါ်ခြင်းများတွင် အရေးပေါ်တုံ့ပြန် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်သူများအား လေ့ကျင့်သင်ကြားပေးထားမည်။ မြစ်ချောင်းများ ရေစပ်များတွင် မည်သည့် စက်ပစ္စည်းကိုမှ ဆေးကြောသန့်စင်ခြင်း မပြုလုပ်စေအောင် ကွပ်ကဲသွားမည်။
- အရည်များလျှံထွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများမှာ **နည်းပါးမည်** ဟု ခန့်မှန်းပါသည်။ လုပ်ဆောင်မည့် သက်ရောက်မှုလျော့ချရေးလုပ်ငန်းစဉ်များမှာ _ (သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အတွင်း) ရေလျှံမှုအား စီမံခန့်ခွဲမှုဗျူဟာ၊ Access point တစ်ခုချင်းစီအတွက် တာဝန်ကျ ယာဉ်ယန္တရားသာရှိနေ စေရန် ထိန်းချုပ်ထားခြင်း၊ သစ်ပင်ချုံပုတ်များ ခုတ်ထွင်ခြင်းအား အနည်းဆုံးဖြစ်စေခြင်း၊ လိုအပ်လျှင် ရေမြောင်း များကို လမ်းလွှဲခြင်း ၊ နန်းကာများ နှင့် ရေကာတာများကဲ့သို့ အတားအဆီးများဖြင့် အနည်ကျမှုကို လျော့ချခြင်း ၊ ရေမြောင်းစနစ်များအား ပြုပြင်ထိန်းသိမ်းခြင်း၊ အန္တရာယ်ရှိသည့် ကာလများတွင် နန်းမြေပေါ်တွင် လုပ်ရသော လုပ်ငန်းဆောင်ရွက်မှုများကို ရှောင်ကျဉ်စေခြင်း Uphole များ တူးခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော ညစ်ညမ်းမှုများ မရှိခြင်းသေချာအောင် စစ်ဆေးမည့် မြေအောက်ရေအရည်အသွေး နှင့် မြေအောက်ရေဘူမိဗေဒ ဆိုင်ရာ Survey များကို ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ရေအရင်းအမြစ်များတွင် အနယ်ကျမှုများဖြစ်ပေါ်ခြင်း၏ ထိခိုက်မှုများမှာ **နည်းပါးမည်** ဟုခန့်မှန်းရပါသည်။ သက်ရောက်မှုလျော့ချနိုင်ရေးဆောင်ရွက်မှုများအဖြစ် ရေနှင့်အနီးတစ်ဝိုက် ရေစပ်နေရာများ ၊ အပေါ်ယံမြေသား

ပါးလွှာသော မြေအောက်ရေအောင်းလွှာများရှိနိုင်သည့်နေရာများတွင် စက်ယန္တရားများမောင်းနှင်ရမည့် အရှိန်ကို ကန့်သတ်လျော့ချခြင်း စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

- လုပ်ငန်းခွင်နေရာပြင်ဆင်တည်ဆောက်ခြင်းများပြုလုပ်နေစဉ်နှင့် Survey ပြုလုပ်နေစဉ်အတောအတွင်း ရေအရင်းအမြစ်များ အသုံးပြုမှုကြောင့် လေ့လာမည်ဧရိယာအတွက် သက်ရောက်မှုဖြစ်ပေါ်ခြင်းမှာ **နည်းပါးမည်** ဟုခန့်မှန်းရပါသည်။ လုပ်ငန်းခွင်များတွင် သောက်ရေသန့်ဘူးများကို ထောက်ပံ့ပို့ဆောင်ပေးထားမည် ဖြစ်ပါသည်။
- Shot Holes များတူးဖော်နေစဉ်၊ Shooting နှင့် Recording လုပ်ငန်းစဉ်များ ဆောင်ရွက်နေစဉ်အချိန်အတွင်း မြေအောက်ရေအရည်အသွေးနှင့် မြေပေါ်နှင့်လေထုအတွင်းရှိရေဓာတ်များအား ညစ်ညမ်းစေမည့် အလားအလာများမှာ **အတန်အသင့်** ရှိမည်ဟု လေ့လာတွက်ဆထားပါသည်။ အဆိုပါသက်ရောက်မှုများကို လျော့ချနိုင်ရန်အတွက် ရေစီးသည့် တွင်းပေါက်များအား သင့်တော်မည် ရွှံ့တုံးများဖြင့် ပိတ်ဆို့ခြင်း၊ Charge လုပ်ခြင်းကို တန်ရုံသင့်ရုံသာ ဖြစ်စေခြင်း၊ Shot Hole ၏ အနက်ပေကို ဒေသ၏ ဘူမိဗေဒနှင့်ကိုက်ညီစေမည့် အနက်ပေအထိသာ တူးစေခြင်း၊ ဖိတ်စင်မှုများဖြစ်ပေါ်ပါက ဗန်းများဖြင့် ခံခြင်း၊ ဆီစုပ်သည့်အရာဝတ္ထုများဖြင့် ဖိတ်စင်သည့်ဆီများကိုစုပ်ယူစေခြင်း၊ စီမံကိန်းဧရိယာတစ်ဝိုက်တွင် နန်းတားများကိုခံထားစေခြင်းဖြင့် ရေတွင်းများမှ လျှံကျမှုများအား အတားအဆီးများလျော့ချပေးနိုင်ပြီး ဖိတ်စင်သည့် လောင်စာများ အနည်းငယ်ခန့်သာပါဝင်အောင် တားဆီးနိုင်စေခြင်း စသည့် နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။

ဒေသတွင်းအတိုင်းအတာနှင့် အချိန်ကြာရှည်စွာဆောင်ရွက်မှုတို့ကို ထည့်သွင်းစဉ်းစားကြည့်လျှင် ( စွန့်ပစ်အရည်များ၊ အညစ်အကြေးများ၊ လောင်စာများ၊ ဆီများ၊ အစရှိသည်တို့ကြောင့်) ဖြစ်ပေါ်နိုင်သည့် ညစ်ညမ်းမှုများကြောင့် ရေချိုအရင်းအမြစ်များ အပေါ် သက်ရောက်မှု များမှာ **အတန်အသင့်** ရှိမည်ဟုတွက်ဆနိုင်ပါသည်။ ရေနှင့် ဆီရေစနစ်များ အနယ်များ၊ ရေသုံးစွဲမှုများကို အတားအဆီးဖြစ်စေသောကြောင့် ရေချိုများအပေါ် သက်ရောက်မှုမှာ **နည်းပါးမည်** ဟု ခန့်မှန်းရပါသည်။

### *၁.၅.၁.၄ မြေဆီလွှာနှင့် အောက်မြေဆီလွှာ*

**Grav-Mag ဆာဗေးတိုင်းတာမှု**

ယင်းနည်းလမ်းဖြင့်မြေတိုင်းလုပ်ငန်းဆောင်ရွက်မှုတွင် မြေဆီလွှာအတွက် သက်ရောက်မှုဖြစ်ပေါ်စေခြင်းမရှိပါ။

**ဆိုက်စမစ်ဆာဗေး**

မြေဆီလွှာနှင့် အောက်မြေဆီလွှာတို့အား သက်ရောက်မှုဖြစ်စေနိုင်သည့် အကြောင်းရင်းများမှာ လုပ်ငန်းခွင်ပြင်ဆင်တည်ဆောက်ခြင်း၊ Line Clearance ပြုလုပ်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ Down-hole များတူးဖော်ခြင်း၊ စက်ယန္တရားများသွားလာလှုပ်ရှားခြင်း၊ စက်ကိရိယာများနှင့် လုပ်သားများ သွားလာလှုပ်ရှားကြခြင်း၊ အညစ်အကြေးစီမံခန့်ခွဲမှုဆောင်ရွက်ခြင်းတို့ဖြစ်သည်။ ဖြစ်ပေါ်လာမည့် သက်ရောက်မှုများနှင့် ဆောင်ရွက်မည့် လျော့ချရေးနည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ကြသည်။

- မြေဆီလွှာကို မမျှော်လင့်ဘဲ ညစ်ညမ်းစေခြင်းမှ ဖြစ်ပေါ်လာစေမည့် သက်ရောက်မှုများမှာ **အတန်အသင့်** ရှိမည်ဟု တွက်ဆရပါသည်။ သံကူကွန်ကရစ်ပြားများ၊ တစ်ဆင့်ခံလာရောက်သယ်ထုတ်နိုင်မည့် သိုလှောင်ကန်များ၊

လောင်စာဆီပြန်လည်ဖြည့်တင်းရသည့် နေရာများတွင် လမ်းများခင်းပေးထားခြင်း၊ စွန့်ပစ်အညစ်အကြေး စီမံခန့်ခွဲခြင်းအစီအစဉ်အစရှိသည့် သက်ရောက်မှုလျော့ချရေးအစီအစဉ်များကို အကောင်အထည်ဖော်သွားပါမည်။

